၁ ဩဂုတ် ၂၀၂၂

လေးစားအပ်ပါသော မိဘများ / အုပ်ထိန်းသူများ / ကျောင်းမိသားစုဝင်များ

***အကြောင်းအရာ (၂) ချက်ကို ဖော်ပြခြင်း အားဖြင့် နောက်ဆုံးရသတင်းများကို အသိပေးအပ်ပါသည်။***

၁။ ကိုဗစ်-၁၉ နောက်ဆုံးရသတင်း

၂။ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ခြင်း - ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်း ပရိုဂရမ်

## ၁။ ကိုဗစ် - ၁၉

WA တွင် ကိုဗစ်-၁၉ကူးစက်မှုမြင့်တက်လာပြီး မျိုးကွဲ အသစ်များသည် ကိုဗစ်-၁၉ ကူးစက်ခံပြီးသောသူများကိုလည်း ပြန်လည်၍ ကူးစက်ခံရမှုကို ဦးတည်နေပါသည်။ ကျွန်ုပ်တို့၏ ကျောင်းအဖွဲ့အစည်းတွင် နေထိုင်သူများကို တတ်နိုင်သမျှ လုံခြုံအောင် ဆက်လက် ထိန်းသိမ်းထားရန် အလွန်ပင် အရေးကြီးပါသည်။

***အောက်ဖော်ပြ နည်းလမ်းများအားဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးပေးပါရန် တောင်းဆိုအပ်ပါသည်။***

- ကျောင်းသို့ လာရောက်သည့်အခါတိုင်း အဆောက်အအုံအတွင်းတွင် **MASK** တပ်ခြင်း။
- သင့်ကလေးကို MASK တပ်ဆင်ရန် အားပေးခြင်း။ (သင့်ကလေးကို တပ်စေချင်ပါက ကျောင်းတွင် mask လုံလောက်ပိုလျှံစွာ ရှိသည်။)
- ရောဂါလက္ခဏာများ(သို့)အနီးကပ်ထိတွေ့မှုရှိသောအိမ်သားများရှိပါကRATဖြင့် စမ်းသပ်စစ်ဆေးခြင်း။
- သင်၏ကလေးသည် နေမကောင်းဖြစ်ပါက အိမ်တွင် သာ ထိန်းသိမ်းစောင့်ရှောက်ခြင်း။
- လက်သန့်ရှင်းစွာထားခြင်းကို ဆက်လက် ထိန်းသိမ်း ပြုလုပ်ခြင်း ။
- သင်၏ကလေးသည်အနီးကပ်ထိတွေ့သူဖြစ်ပြီးရောဂါလက္ခဏာမပြပါက နေ့စဉ် RAT စစ်ဆေးမှု ပြုလုပ်ခြင်းအားဖြင့် Negative အဖြေ ရရှိပါက သီးသန့်နေထိုင်ရန်မလိုအပ်ဘဲ ကျောင်းတက်ရမည်ဖြစ်သည်။ ကျောင်းလာသောအခါ အသက် ၇နှစ်မှ ၁၂ နှစ်ကြား ကလေးသူငယ်များဖြစ်ပါက MASK တပ်ရမည် ဖြစ်သည်။

ကျောင်းဝန်ထမ်းများ အားလုံးသည် ကျောင်းတက်နေစဉ် အတွင်းတွင် MASK တပ်ရန် ပြင်းထန်စွာ တိုက်တွန်းထားပါသည်။

**တတိယအပတ် အတွင်း တွင် ကျောင်းမိသားစုဝင်များအားလုံးအတွက် အခမဲ့ RATs ပစ္စည်းရရှိနိုင်မည်ဖြစ်သည်။ ထိုပစ္စည်းများ ရောက်လာချိန်ကို အကြောင်းကြားပေး ပါမည်။**

## ၂။ လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ခြင်း - ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်း ပရိုဂရမ် (KS:CPC) K-10

ဤအစီအစဉ်သည် တစ်နှစ်ပတ်လုံး ကျွန်ုပ်တို့ ကျောင်းတစ်ကျောင်းလုံးတွင် လုပ်ဆောင်ပါသည်။ ဇူလိုင်လ ၂၀၂၁ တွင် သင်ရိုးညွှန်းတမ်းဆိုင်ရာ သင်တန်းတွင် ဤပရိုဂရမ်ကို သင်တန်းတက်ခဲ့ရပြီး ကျောင်းတွင် ပြန်လည် ပို့ချနေပါသည်။ KS:CPC သည် ကျွန်ုပ်တို့ကျောင်း၏ပြဌါန်းထားသော ကလေးသူငယ်များကို ကာကွယ်

စောင့်ရှောက်ခြင်းဆိုင်ရာလိုအပ်ချက်များ ၊ စည်းကမ်းများနှင့် ကိုက်ညီပြီး ၊ ခရစ်ယာန်များ၏ သမ္မာကျမ်းစာ အမြင်မှ သင်ကြားသောအရာ ဖြစ်ပါသည်။

ၾင်းသည်**ကျောင်းလုံခြုံရေးပရိုဂရမ် မဟုတ်သလို လိင်ပညာပေးအစီအစဉ် မဟုတ်ကြောင်းသတိပြုစေ လိုပါသည်။**

ဤစာတွင် ပူးတွဲပါရှိသော အစီအစဉ်များသည် နှစ် အဆင့်အလိုက် အစီစဉ်များဖြစ်ပါသည်။

KS:CPC တွင် ခက်ခဲရှုပ်ထွေးမှုများ တိုးလာနေသော အကြောင်းအရာများ နှင့် လှုပ်ရှားမှုများအားဖြင့် တင်ပြသော အဓိက အကြောင်းအရာ ၂ ခုရှိပါသည်။ KS:CPC ၏ အဓိက အကြောင်းအရာ Theme ၂ ခုမှာ -

- Theme ၁: ကျွန်ုပ်တို့သည် ဘေးကင်းလုံခြုံရန် အခွင့်အရေးရှိသူ ဖြစ်သည်။
- Theme ၂: ကျွန်ုပ်တို့ ယုံကြည်စိတ်ချရသောသူများနှင့် စကားပြောခြင်းဖြင့် မိမိကိုယ်ကို လုံခြုံမှုရှိစေရန် ကူညီနိုင်ပါသည်။

KS:CPC ၏ အဓိက ၂ ခုကို Focus Area ၄ ခုအားဖြင့် လေ့လာထားသည်၊ ဆိုလိုသည်မှာ ကျောင်းသားများ၏ အသက်အရွယ်နှင့် အညီ ကြီးထွားလာသော ရှုပ်ထွေးများတွင် ဆန်းစစ် စူးစမ်းလေ့လာထားပါသည်။ KS:CPC ၏ Focus Area ၄ ခုမှာ -

- Focus Area ၁: ဘေးကင်းလုံခြုံရန် အခွင့်အရေး
- Focus Area ၂: ဆက်ဆံရေး
- Focus Area ၃: မတရားပြုကျင့်ခံရခြင်းကို အသိမှတ်ပြုပြီး စီရင်ခံတင်ပြခြင်း
- Focus Area ၄: နည်းဗျူဟာ အကာအကွယ်များ

ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံမှုနှင့် ကာကွယ်ရေးသည် အစောပိုင်း စာသင်နှစ်များအတွင်း အထူးပင် အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်ပြီး သင်ယူမှု ရလဒ် ၅ ခုတွင် ထည့်သွင်းနှင့်ပြီးဖြစ်သည်။

P – 10 နှစ်များအတွက် KS:CPC သည် ဩစတြေးလျ သင်ရိုးညွှန်းတမ်း၏ ကျန်းမာရေးနှင့် ကာယ ပညာ သင်ယူမှု နယ်ပယ်အတွင်း အဓိကအားဖြင့် အံဝင်ခွင်ကျဖြစ်ပြီး အခြားသော သင်ကြားရေးနယ်ပင်များတွင်လည်း မကြာခဏ ထည့်သွင်းလေ့ရှိပါသည်။

နောက်ထပ် အချက်အလက်များကို KS:CPC website: http://tiny.cc/KSCPC-ParentCarerInfo တွင် တွေ့ရှိနိုင်ပါသည်။

***သင်ရိုးညွှန်းတမ်းနှင့် ပတ်သက်ပြီး မေးစရာများရှိပါက သင့်ကလေး၏ ဆရာ/မ ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။***

ခရစ်ယာန်လုပ်ငန်းတွင်

Carol Davis